ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## (၂၀၁၆ - ၂၀၁၇) Village Development Plan (VDP)

ဝမ်လွဲကျေးရွာ၊ ဝမ်လွဲကျေးရွာအုပ်စု၊ ဘောလခဲမြို့နယ်

## မာတိကာ


၁။ ဘောလခဲမြို့နယ်မြေပုံ

၂။ ဂမ်လွဲ့ကျေးရွာမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)

၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)


၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁။ ဘောလခဲမြို့နယ်မြေပုံ



ဘောလခဲ
နန်းနောက်
ရည်ညွှန်းချက်
မြို့နယ်နီမိတ်
လက်တူးတွင်း(၁၁)ခု
အခြား(၄၈)ခု
စီမံ့စမ်း(၁၃)
ကျေးရွာများ
ကျေးရွာခြင်းဆက်လမ်းများ

## ၂။ ဝမ်လွဲကျေးရွာမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စုအရေအတွက် | လူဦးရေစာရင်း | | |
|---|---|---|---|---|---|
| | | | က | မ | ပေါင်း |
| ၁ | ဝမ်လွဲကျေးရွာ | ၃၀ | ၆၈ | ၆၇ | ၁၃၅ |
| | **စုစုပေါင်း** | ၃၀ | ၆၈ | ၆၇ | ၁၃၅ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

ဝမ်လွဲ့ကျေးရွာသည် ကယားပြည်နယ်၊ ဘောလခဲမြို့နယ်၊ ရွာသစ်မြို့ မြောက်ဖက်အရပ်တွင် တည်ရှိပြီး အိမ်ခြေ ပေါင်း(၃၂)အိမ်ရှိပါသည်။ လူဦးရေစုစုပေါင်း (၁၃၅)ဦး နေထိုင်ကြသည်။ ပြည်တွင်းစစ်နှင့် နိုင်ငံရေး အခြေအနေကြောင့်(၁၉၉၆)ခုနှစ်တွင် ရွာဟောင်းမှ လက်ရှိရွာသို့ပြောင်းရွှေ့နေထိုင်ကြသည်။ ရှမ်းလူမျိုး အများဆုံးနေထိုင်ကြပြီးကယားလူမျိုးများလည်းရှိပါသည်။ အားလုံးသော လူထုများသည် ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြသည်။ ဝမ်လွဲ့ကျေးရွာသူ၊ ကျေးရွာသားများ၏ အဓိကလုပ်ငန်းမှာ တောင်ယာနှင့် လယ်ယာစိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြပြီး ပိတ်ချင်းများလည်း စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် မူလတန်းလွန်ကျောင်းရှိပြီး အလယ်တန်း(သို့)အထက်တန်းသို့ ကူးပြောင်းသောကျောင်းသားများမှာ ရွာသစ်အထက်တန်းကျောင်းသို့ ဆက်လက်ပညာဆည်းပူးကြပါသည်။ ကျန်းမရေးကဏ္ဍတွင် ဆေးပေးခန်းမရှိ၍ အရေးပေါ်ကျန်းမာရေးအခြေအနေတွင် ရွာသစ်မြို့၊ ဘောလခဲမြို့ (သို့) လွိုင်ကော်မြို့သို့ သွားရောက် ကုသရသည်။


## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပေါင်း | |
| ၁ | လူမှုရေးအရင်းအမြစ်ပြမြေပုံ | ၂၇.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၂၆ | ၂၄ | ၅၀ | ကျေးရွာအတွင်းရှိအိမ်ခြေများ၊ လက်ရှိသဘာဝအရင်းအမြစ်များအား အသုံးချမှု အခြေအနေများ နှင့် သဘာဝဘေးအန္တရာယ်များအားဖော်ထုတ်ခြင်း။ |
| ၂ | ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၂၇.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၂၆ | ၂၄ | ၅၀ | ကျေးရွာအတွင်းရှိမိသားစုများ၏ ပိုင်ဆိုင်မှု စံနှုန်းများသတ်မှတ်ကာစံနှုန်းအပေါ် အခြေခံပြီးလူနေမှု အဆင့်အတန်းများသတ်မှတ်ခြင်း။ |
| ၃ | ကျား-မရေးရာကဏ္ဍ # ၁ ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၂၇.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန်ထမ်း | ၂၆ | ၂၄ | ၅၀ | ကျေးရွာနယ်နမိတ်အတွင်းရှိ သဘာဝအရင်းအမြစ်များအပေါ် အမျိုးသမီးများ နှင့်အမျိုးသားများ၏ သုံးစွဲမှုနှင့် ထိန်းချုပ်မှုများအားဖော်ထုတ်ခြင်း |
| ၄ | ကျား-မရေးရာကဏ္ဍ # ၂ (ပင့်ကူအိမ်) | ၂၇.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန် | ၂၆ | ၂၄ | ၅၀ | အမျိုးသား၊ အမျိုးသမီးများ၏ ရရှိသောအခွင့်အရေးများအား နှိုင်းယှဉ်ပြီးမှတ်တမ်းတင်ခြင်း။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | ထမ်း | | | | |
| ၅ | ရာသီခွင်ပြ ပြက္ခဒိန် | ၂၇.၁.၁ ၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန် ထမ်း | ၂၆ | ၂၄ | ၅၀ | ကျေးရွာအတွင်းရှိမိသားစုများ၏ ရာသီအလိုက် ဆောင်ရွက်သောလုပ်ငန်းများ၊ ပွဲလန်းသဘင်များ၊ ရိုးရာဓလေ့များ၊ နှင့် အားလပ်မည့် ရာသီများအားဖော်ထုတ် ခြင်း။ |
| ၆ | အဖွဲ့အစည်းမ ျားချိတ်ဆက်မှု ပြ ဗင်းပုံစံ | ၂၇.၁.၁ ၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ဝန် ထမ်း | ၂၆ | ၂၄ | ၅၀ | ကျေးရွာအတွင်းနှင့်ပြင်ပရှိအဖွဲ့အစ ည်းများ၏ ချိတ်ဆက်မှု၊ ပူးပေါင်းဆောင် ရွက်မှုများ နှင့် အကျိုးဆက်များအားဖော်ထုတ်ခြင်း။ |

**၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**


**(က) လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ**



ဝမ်လွဲ့ကျေးရွာတွင် အိမ်ခြေ (၃၁) အိမ်ရှိပြီးအိမ်ထောင်စုမှာ (၃၀) ရှိကာစုစုပေါင်း လူဦးရေမှာ (၁၃၅)ဦးခန့် နေထိုင်ပါသည်။ ကျေးရွာ၏ တောင်ဘက်တွင် ရွာသစ်မြို့၊ ရှေ့ဘက်တွင် တောင်တန်းများနှင့် မြောက်ဘက်တွင် တောင်ယာခင်းများရှိပါသည်။ ယင်းအိမ်ထောင်စုများသည် တောင်ယာ နှင့်လယ်ယာ စိုက်ပျိုးခြင်း၊ ပိတ်ချင်းများစိုက်ပျိုးခြင်းဖြင့် လုပ်ကိုင်စားသောက်ကြပါသည်။ ဂမ်လွဲ့ကျေးရွာတွင် ရှမ်းလူမျိုးများနေထိုင်ကြပြီးဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည် ကြပါသည်။ကယားလူမျိုး အနည်းငယ်လည်း နေထိုင်ကြသည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကုန်းလမ်းကြောင်းကိုသာအသုံးပြုကြပါသည်။

ကျေးရွာအများပိုင် အဆောက်အဦးများမှာမူလွန်ကျောင်း၊ လူငယ်ရိပ်သာနှင့် ရေလှောင်ကန်များ ဖြစ်ပါသည်။ ကျေးရွာတွင်မူလွန်ကျောင်းရှိသော်လည်းကျောင်းဆောင် မလုံလောက်၍ ကလေးများ စာသင်ရာတွင်နေရာအခက်အခဲဖြစ်စေပါသည်။ရွာတွင်းလမ်းများအတော်အသင့်ကောင်းမွန်လာသော်လည်း ရွာဟောင်းသို့သွားရာလမ်းမှာလူသွားလမ်းသာရှိသည်။ စစ်ဘေးကြောင့်သာရွာသစ်မြို့အနီးသို့ စစ်ဘေး ရှောင်ရွာအဖြစ် ပြောင်းရွှေ့လာရသောကြောင့် လုပ်ကိုင်စားသောက်ရာလယ်မြေများမှာမူလရွာဟောင်းတွင် သာကျန်ခဲ့ရာရွာဟောင်းသို့ သွားရာလမ်းမကောင်းသဖြင့် ဆန်စပါးများသယ်ယူမှု၊ သွားလာမှုတို့၌ အချိန်နှောင့်နှေးမှု ခက်ခဲမှုတို့ဖြစ်နေသည်။


**(ခ)ဥစ္စာဓနကြွယ်ဝမှု အဆင့်သုံးသပ်ခြင်း**




ဝမ်လွဲကျေးရွာ၏ ဥစ္စာဓနကြွယ်ဝမှုစံသတ်မှတ်ရာတွင် အဆင်ပြေအုပ်စု၊ အလယ်အလတ် အုပ်စုနှင့် နွမ်းပါးသောအုပ်စုဟူ၍အဆင့်(၃)ဆင့်သတ်မှတ် ကြသည်။ ကျေးရွာတွင်းနေထိုင်သော အိမ်ထောင်စု၏ (၃၂.၂၅) % သည် ပုံမှန်ဝင်ငွေရှိပြီး နစ်စဉ်မိသားစုစားဝတ်နေရေးအတွက် လုံလုံလောက်လောက်ရှိပါသည်။ ၃၅.၄၈% သည် ပုံမှန်ဝင်ငွေအနည်းငယ်ရှိပြီး မိသားစု စားဝတ်နေရေးအတွက် ပြေလည်မှုရှိသောအုပ်စု ဖြစ်ပါသည်။ ကျန်သည့် (၃၂.၂၅%) သည်နေ့စဉ် နှင့်နှစ်စဉ်ဝင်ငွေအတွက် ရုန်းကန်ရသည့်အပြင် ပုံမှန်ဝင်ငွေမရှိခြင်းကြောင့် စားဝတ်နေရေး အတွက် ပိုမိုကြိုးစားရုန်းကန်ရသောအုပ်စုများဖြစ်ပါသည်။

အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ပညာရေးအားနည်းခြင်းတို့ကြောင့် အဆင်မပြေသော မိသားစုများများပြားပြီး၊ အိမ်တွင်းမှု နှင့် လက်မှုပညာစသောအတတ်ပညာများ တတ်မြောက်ပါက ကျေးရွာတွင်းအဆင်မပြေမှုများကိုလျှော့ချနိုင် ပါသည်။


### (ဂ)ကျား-မရေးရာ ကဏ္ဍ # ၁ (ပိုင်ဆိုင်မှု သုံးသပ်ခြင်း)







ဝမ်လွဲကျေးရွာတွင် အခြေခံအသုံးအဆောင်များဖြစ်သောဆိုင်ကယ်၊အိမ်၊ ဖုန်း၊ နှင့် TV များ နှင့် သဘာဝအရင်းအမြစ်များဖြစ်သောရေကန်၊ကျွဲ၊ ကြက်၊ တောင်ယာ၊ လယ်ယာများ၊ စသည်များကို ကျေးရွာရှိအမျိုးသားနှင့် အမျိုးသမီးများအားလုံးအသုံးပြုကြ၍ တောင်ယာလုပ်ငန်းအတွက် ထွန်စက်ကိုမူ အမျိုးသားများသာသုံးစွဲကြသည်။ သို့သော်ပြုပြင်ထိန်းသိမ်းရန်အမျိုးသားများသာ တာဝန်ယူကြသည်။

**(ဃ)ကျား-မအခန်းကဏ္ဍ # ၂ (ပင့်ကူအိမ်ပုံစံ)**



ဝမ်လွဲ့ကျေးရွာတွင် အမျိုးသမီးအများစုသည် အိမ်မှုကိစ္စတွင် ပိုမိုအချိန်ပေးနေရသည့်အတွက် အဖွဲ့အစည်းများတွင် ပါဝင်ဦးဆောင်ခွင့် နှင့် ဝင်ငွေရရှိမှုမှာ အမျိုးသားများနှင့်နှိုင်းယှဉ်ကြည့်လျှင် အားနည်းနေသေးသည်။ ကိစ္စရပ်များစွာတို့တွင် အမျိုးသားများအနေဖြင့်ပိုမိုဦးဆောင်နေသော်လည်း ဆုံးဖြတ်ချက်ချပိုင်ခွင့်၌အမျိုးသမီးများကိုလည်းတန်းတူအခွင့်အရေးပေးထားသည်။ကျန်းမာရေးအသိပညာ၌အမျိုးသမီးများကအမျိုးသားများထက်များသည်။ ပညာရေးကဏ္ဍ၌အမျိုးသားနှင့် အမျိုးသမီးမခွဲခြားပဲ အပြန်အလှန်ဦးစားပေးထားသည်။

## (င) ရာသီခွင်ပြဇယား



ဂမ်လွဲ့ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ တောင်ယာလုပ်ငန်း(နှမ်း) နှင့် လယ်(စပါး)စိုက်ပျိုးခြင်းဖြစ်ပြီး လုပ်ငန်းကာလမှာနယုန်၊ ဂါဆို၊ တော်သီလင်းလနှင့် သီတင်းကျွတ်လ တို့ဖြစ်သည်။ ပိတ်ချင်းများလည်းစိုက်ပျိုးကြသည်။ထိုလများတွင် လုပ်ငန်းများထပ်သောကြောင့် အားလပ်ရက်မရှိပါ။ ကျန်လများ၌အလုပ်များရှိသော်လည်းအားလပ်ချိန်များသည်။တစ်နှစ်ပတ်လုံးနီးပါး အလုပ်လုပ်သော်လည်း ဝင်ငွေများသောလမှာ တန်ဆောင်မုန်းလတွင် နှမ်းရောင်းဝယ်ခြင်းဖြင့် ဝင်ငွေ အကောင်းဆုံးလဖြစ်ပါသည်။ တစ်နှစ်လျှင် ပျမ်းမျှအားဖြင့်နှမ်းစိုက်ပျိုးခြင်းမှအမြတ်ငွေငါးသိန်း နှင့်ပိတ်ချင်း စိုက်ပျိုးခြင်းမှ တစ်သိန်းခွဲခန့်ရရှိပါသည်။ ဆန်စပါးကိုမူစားသုံးရန်လုံလောက်ရုံသာစိုက်ပျိုးကြသည်။


ဂမ်လွဲ့ကျေးရွာရှိ မိသားစုများသည် ဗုဒ္ဓဘာသာကိုးကွယ်သက်ဝင်သူများဖြစ်သည့် အားလျော်စွာ ပွဲတော်ကာလမှာတန်ခူး၊ ဂါဆို၊ တော်သီလင်း၊ သီတင်းကျွတ် တန်ဆောင်တိုင်နှင့် တပို့တွဲတို့တွင် ကျင်းပပြုလုပ်ကြသည်။ ရှမ်းနှစ်သစ်ကူးပွဲတော်ကိုဒီဇင်ဘာလတွင်ကျင်းပပြီး၊ သီတင်းကျွတ်လတွင် သီတင်းကျွတ်ပွဲတော်၊ တော်သီတင်းလတွင် ဆွမ်းတော်ကြီးပွဲတော်များ၊ တန်ဆောင်တိုင်လတွင် ကထိန်ပွဲတော် နှင့် တပို့တွဲလတွင် ထမင်းနဲပွဲတော်များကျင်းပကြပါသည်။ရာသီကူးပြောင်းကာလများတွင် နာစေး၊ ချောင်းဆိုး၊ ဝမ်းပျက်ဝမ်းလျှော၊ ဖျားနာသည့် ရောဂါများဖြစ်ပွားတတ်သည်။


## (စ) အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက်နှင့် ဇင်းကားချပ်



ဝမ်လွဲကျေးရွာတွင် ကျေးရွာ၏ဖွံ့ဖြိုးရေး ၊သာရေးနာရေးစသောရပ်ရေးရွာရေးကိစ္စရပ်များအတွက် ကျေးရွာလူထုများမှဖွဲ့စည်းထားသောအဖွဲ့များနှင့် ကျေးရွာပြင်ပမှ လာရောက်လုပ်ဆောင်သောအဖွဲ့ပေါင်း (၇)ဖွဲ့ရှိသည်။ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ လူငယ်အဖွဲ့၊ ဂေါပကအဖွဲ့ စသောအဖွဲ့များမှာကျေးရွာလူထုများကိုယ်တိုင် ဖွဲ့စည်းထားသောအဖွဲ့များဖြစ်ပြီးရပ်ရေးရွာရေးအတွက် အဖွဲ့များအချင်းချင်းချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိကြသည်။ ကျေးလက်ဦးစီးဌာနအဖွဲ့၊ လွှတ်တော်အဖွဲ့နှင့် မြစိမ်းရောင် စသောအဖွဲ့များသည် ကျေးရွာပြင်ပမှ လာရောက်ကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်ခြင်း၊ ကျေးရွာကော်မတီများ ဖွဲ့စည်းကာဆောင်ရွက်ခြင်းစသည့်နည်းလမ်းအသီးသီးတို့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြသည်။

## (ဆ) အခက်အခဲများနှင့်ပြဿနာများ






ဝမ်လွဲကျေးရွာတွင် ရေလှောင်ကန်ရှိသော်လည်းရေအရင်းအမြစ်နှင့် ဝေးကွာခြင်းအပြင် သွယ်တန်းထားသည့်ရေပိုက်လိုင်းမှာ ရွာသစ်မြို့သူ/သားများနှင့်အတူတကွသုံးစွဲသောကြောင့် သောက်သုံးရေ လုံလောက်စွာမရရှိသည့် ပြဿနာရှိနေပါသည်။ လုပ်ကိုင်စားသောက်ရာလယ်ယာမြေများမှာမူလ ရွာဟောင်းတွင်သာရှိသည့်အပြင် ရွာဟောင်းသို့သွားရာလမ်းမှာ (၁၅)မိုင်ခန့်ဝေးကွာပြီးလူသွားလမ်းသာ ရှိသဖြင့် ဆန်စပါးများသယ်ယူရာတွင် နှောင့်နှေးခြင်း၊ သယ်ယူရခက်ခဲခြင်းများဖြစ်စေသည်။ လက်ရှိ ကျေးရွာပတ်ဝန်းကျင်ရှိ တောင်ယာကွက်များမှာရွာသစ်မြို့သူ/သားများမှပိုင်ဆိုင်သောကြောင့်ကျေးရွာနှင့် ဝေးကွာသည့်နေရာများ၌ (ရွှေ့ပြောင်းတောင်ယာ) သွားရောက်လုပ်ကိုင်ရသည်။ တစ်ချို့သူများမှာ စိုက်ပျိုးရန်အရင်းအနှီးမရှိ၍ အတိုးနှင့်ငွေချေးယူကာဖြေရှင်းရသည်။သီးနှံပေါ်ချိန်မှသာ အတိုးနှင့်အရင်းပါ ပြန်ဆပ်ရ၍ အမြတ်ငွေရသင့်သလောက်မရသည့်အပြင် ရွာတွင်ပုံမှန်ဝင်ငွေရရှိသည့်လုပ်ငန်းများ မရှိသည့်အတွက်ကြောင့် စားဝတ်နေရေးမပြေလည်သည့် အခက်အခဲများကြုံတွေ့ရသည်။လယ်ယာမြေများ လုပ်ကိုင်ရန် စက်ယန္တရားမရှိသည့် အခက်အခဲရှိသည်။


ကျေးရွာတွင်မူလတန်းလွန်ကျောင်းရှိသော်လည်း စာသင်ခန်းမလုံလောက်၍ ကလေးများ စာသင်ကြားရာတွင် အခက်အခဲဖြစ်စေသည်။ကျောင်းဆရာ/မဝန်ထမ်းအိမ်ရာလည်းမရှိပါ။ ထို့ပြင်ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသည့်အတွက် အရေးပေါ်ကျန်းမာရေးအခြေအနေတစ်ရပ် ဖြစ်သည့်အခါ လက်လမ်းမမှီမှုများကြုံတွေ့နေရသည်။အထူးသဖြင့်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်များအတွက်

ပြဿနာဖြစ်စေသည်။ အရေးပေါ်အခြေအနေ၌ဘောလခဲ/လှိုင်ကော်ဆေးရုံသို့ကားငှားသွားရ၍ ကုန်ကျစရိတ်များသည့်အတွက်ကြောင့်ငွေမရှိပါကအတိုးဖြင့်ချေးယူရသည့်အခြေအနေများလည်းရှိသည်။

ရွာတွင်းလမ်း(၂)လမ်းနှင့် ရွာပတ်လမ်းမှာကျောက်မခင်းရသေး၍ မိုးရာသီတွင် ရေများလျှံနေကာသွားလာရခက်ခဲမှုဖြစ်စေသည်။


## (၉) မျှော်မှန်းချက်






နောင်လာမည့်(၅)နှစ်အတွင်းဝမ်လွှဲကျေးရွာသည် လယ်ယာမြေများရှိရာမူလရွာဟောင်းသို့ သွားရာလမ်းမှာဆိုင်ကယ်နှင့်အလွယ်တကူသွားလာနိုင်ပြီး ဆန်စပါးများသယ်ယူရလွယ်ကူစေရန်၊အတည်တကျလုပ်ကိုင်စားသောက်ရန်စိုက်ပျိုးမြေများရရှိလာစေရန်၊စာသင် ဆောင်များလုံလောက် ကာကျောင်းသား/သူများစာသင်ရာတွင်အဆင်ပြေစေရန်၊ဆရာ/မများနေထိုင်မှုအဆင်ပြေစေရန်၊ ရွာတွင်ဆေးပေးခန်းနှင့်ကျန်းမာရေးလက်လှမ်းမီမှုများရရှိစေရန်၊ မိုးရာသီ၌ရွာတွင်းလမ်း နှင့်ရွာပတ် လမ်းသွားလာရအဆင်ပြေစေရန်၊အိမ်တိုင်းရေ/မီးလုံလောက်စွာရရှိရန်၊ပုံမှန်ဝင်ငွေရရှိမည့် အသက်မွေးဝမ်းကြောင်းအတတ်ပညာရရှိ၍ အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာစေရန် မျှော်မှန်းထားပါသည်။

## (၈) ဦးစားပေးလုပ်ငန်းများရွေးချယ်ဆုံးဖြတ်ခြင်း





အောက်ဖော်ပြပါဦးစားပေးလုပ်ငန်းများမှာဝမ်လွဲကျေးရွာသူ/သားများမဲပေးစနစ်ဖြင့်ဆုံးဖြတ်ထားသည့်လုပ်ငန်းများဖြစ်သည်။

- ဦးစားပေး(၁)ရွာဟောင်းသို့မြေသားလမ်းဖောက်လုပ်ခြင်း
- ဦးစားပေး(၂)စိုက်ပျိုးမြေရရှိရန်
- ဦးစားပေး(၃)ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း
- ဦးစားပေး(၄)ရေပိုက်လိုင်းပြုပြင်တိုးချဲ့ခြင်း
- ဦးစားပေး(၅)ကျောင်းစာသင်ဆောင်တိုးချဲ့ခြင်း
- ဦးစားပေး(၆)အိမ်တွင်းမှုသင်တန်း
- ဦးစားပေး(၇)ဘောလုံးကွင်းဖောက်လုပ်ခြင်း
- ဦးစားပေး(၈)ကျန်းမာရေးဝန်ထမ်းရရှိရန်
- ဦးစားပေး(၉)သာရေးနာရေးယာဉ်ရရှိရန်
- ဦးစားပေး(၁၀)ဆရာ/မ ဝန်ထမ်းအိမ်ရာ
- ဦးစားပေး(၁၁)ရွာတွင်းလမ်းကျောက်ချောလမ်းခင်းခြင်း
- ဦးစားပေး(၁၂)သက်မွေးပညာသင်တန်း
- ဦးစားပေး(၁၃)ရပ်ကွက်ရုံးဆောက်လုပ်ခြင်း
- ဦးစားပေး(၁၄)ငါးမွေးမြူရေးကန်တည်ဆောက်ခြင်းဟူ၍ဖြစ်သည်။

## ၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ








## ကော်မတီများစာရင်း

| စဉ် | အမည် | ရာထူး(ကျေးရွာအဆင့်) | ရာထူး(အုပ်စုအဆင့်) |
|---|---|---|---|
| ၁ | ဦးအိုက်ထွား | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဋ္ဌ | အုပ်စုစီထောက်ဥက္ကဋ္ဌ |
| ၂ | ဒေါ်ရွှေဖီ | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဋ္ဌ | ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ |
| ၃ | ဒေါ်အေးပွင့် | ငွေစာရင်းကိုင် | အုပ်စုငွေစာရင်းကိုင် |
| ၄ | ဒေါ်ငွေစိန် | | အုပ်စုစီထောက်ဥက္ကဋ္ဌ |
| ၅ | ဦးဘအေး | ဂယ်ယူရေးဆပ်ကော်မတီ | |
| ၆ | ဒေါ်ခင်သန်း | ဂယ်ယူရေးဆပ်ကော်မတီ | |
| ၇ | ဦးထွန်းလင်း | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၈ | ဒေါ်ရွှေမြဦး | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၉ | ဦးအိုက်ဖြူ | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၁၀ | ဒေါ်မြအေး | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၁၁ | ဦးမောင်ဇော် | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးကော်မတီ | |
| ၁၂ | ဒေါ်ပိုးမယ် | ဂေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးကော်မတီ | |
| ၁၃ | ဦးသိန်းဇံ | စေတနာ့ဂန်ထမ်း | |
| ၁၄ | ဒေါ်နန်းပေါင်း | စေတနာ့ဂန်ထမ်း | |
| ၁၅ | ဦးဆိုးရယ် | | ဘဏ္ဍာရေးဆပ်ကော်မတီ အဖွဲ့ဝင် |

# ၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)



## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် | |
|---|---|---|---|---|
| ဦးစိန်ထွန်း | 09 785133471 | | ဒေါ်ကြေကြေနိုင် | |
| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် ဘောလခဲ | ကျေးရွာအုပ်စု ဝမ်လွဲ | | ကျေးရွာ ဝမ်လွဲ |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ရှမ်း--- | ၂၇ | ဘာသာ (၁) ---ဗုဒ္ဓ---- | ၂၈ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော --ကရင်+ရှမ်း / ရှမ်း+ဗမာ | ၂<br>၁ | ဘာသာရော --ဗုဒ္ဓ+ခရစ်ယာန် | ၂ |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | – | – | – |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၅ | ဗုဒ္ဓ | |
| စစ်ဘေးရှောင် | ၁ | ဗုဒ္ဓ | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၆၈ | ၆၇ |
| လူမျိုးစု (၁)---ရှမ်း--- | ၆၆ | ၆၆ |
| လူမျိုးစု (၂)---ကချင်--- | ၁ | ၁ |
| လူမျိုးစု (၃)---ဗမာ--- | ၁ | |
| အခြား (ရှေ့ချိုးစုကော) | | |
| အိမ်ထောင်ဦးစီး | ၂၃ | ၇ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ✓ |
| | မူလတန်းကျောင်း | ✓ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် မူလ ၅ | | | | မှတ်ချက် မရှိပါ | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ✓ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ✓ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် မူပြ (၃) (နေ.ခား) လယ်ပြ (၂) ကျောင်းအုပ် (၁) | | | မှတ်ချက် မရှိပါ | | | မှတ်ချက် မရှိပါ | | |

(ဃ) ကျေးရွာသို့ ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း
မော်တော်ဆိုင်ကယ်လမ်း
(ကျောက်ခင်းလမ်း) မြေသားလမ်း လူသွားလမ်း အခြား

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ဝိုင်းပါ ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်-------- /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------------------
ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်-----------------------------
ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

□ မရှိပါ □ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---[illegible]---

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---လူငယ်အဖွဲ့---------------

(၂) ------------------------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးစိန်ထွန်း

လက်မှတ် [signature] နေ့စွဲ ၂၇.၁.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ကေကေနိုင်

လက်မှတ် [signature] နေ့စွဲ ၂၇.၁.၂၀၁၇

# ၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)

ပုံစံ - ၀ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | |
|---|---|---|---|---|---|
| လမ်းညွှန်ချက်၊ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ညှိနှိုင်း ဖြည့်သွင်းရမည်။ | | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဒေါ်ကေကေနိုင် | | | | |
| နေ့စွဲ | ၂၈.၁.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း | ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု ဝမ်ရွှဲ | ကျေးရွာ | ဝမ်ရွှဲ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 26.7.17 | 26.7.17 | 15 | 14 | 24 | ဗမာ-၇ / ကရင်-၇ ကယား-၅ ရှမ်း-၂၂ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 27.7.17 | 27.7.17 | 26 | 24 | 50 | ဗမာ-၇ ကယား-၅ / ရှမ်း-44 |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 28.7.17 | 28.7.17 | 8 | 8 | 16 | ကယား 2 ရှမ်း 13 ဗမာ 7 |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 70.2.17 | 70.2.17 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 23.3.17 | 23.3.17 | 13 | 9 | 19 | ရှမ်း 17 ကယား 5 |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း | | | | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | 23.3.17 | 23.3.17 | 2 | 6 | 8 | ရှမ်း<br>ကယား | 6<br>2 |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 23.3.17 | 23.3.17 | 2 | 6 | 8 | 〃 | 〃 |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 23.3.17 | 23.3.17 | 2 | 6 | 8 | 〃 | 〃 |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 23.3.17 | 23.3.17 | 2 | 6 | 8 | 〃 | 〃 |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့်အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | 10.5.17 | 10.5.17 | 2 | 2 | 4 | ရှမ်း | 4 |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| **လမ်းညွှန်ချက်**။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ကေကေခိုင် |
| နေ့စွဲ 28. 7 . 2017 — စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကယား — မြို့နယ်ဘောလခဲ — ကျေးရွာအုပ်စု ဝမ်လွဲ — ကျေးရွာ ဝမ်လွဲ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ကျေးရွာ ဘောလုံးကွင်း မရှိခြင်း | ၁ | ကျောင်းဆောင်များ လုံလောက်မှု မရှိခြင်း |
| ၂ | လယ်ထွန်စက်မရှိ၍ လယ်ထွန်ရာတွင် အခက်အခဲရှိခြင်း | ၂ | ဝန်ထမ်း အိမ်ရာ မရှိခြင်း |
| ၃ | ကျောင်းဆောင် လုံလောက်မှု မရှိခြင်း | ၃ | ဆေးဝါးများ၊ ဝန်ဆောင်မှုများနှင့် ပြည့်စုံသော |
| ၄ | လမ်းမကောင်းသောကြောင့် လမ်းပန်းဆက်သွယ်ရေး မလွယ်ကူခြင်း | ၄ | ကျေးလက်ဆေးပေးခန်း မရှိခြင်း |
| ၅ | အလုပ်အကိုင် အခွင့်အလမ်း မရှိခြင်း | ၅ | စိုက်ပျိုးရေး နည်းပညာမရှိသဖြင့် ဝင်ငွေနည်းခြင်း |
| ၆ | သောက်သုံးရေ မလုံလောက်ခြင်း | ၆ | လမ်းမကောင်းသောကြောင့် လမ်းပန်းဆက်သွယ်ရေး မလွယ်ကူခြင်း |
| ၇ | သာရေးနာရေးအတွက်သုံးရန် ဟော မရှိခြင်း | ၇ | ရွှေပြောင်းတောင်ယာသာ လုပ်ကိုင်စားသောက်ရ၍ တောင်ယာမြေ အတည်တကျ မရှိခြင်း |
| ၈ | ဆေးဝါးများ၊ ဝန်ဆောင်မှုများ ပြည့်စုံသောဆေးခန်း မရှိခြင်း | | |
| ၉ | ရွှေပြောင်းတောင်ယာသာ လုပ်ကိုင်စားသောက်ရသောကြောင့် တောင်ယာမြေ အတည်တကျမရှိခြင်း | | |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ကျောင်းဆောင်များ ဆောက်လုပ်ပေးရန် | ၁ | ကျောင်းဆောင်များ ဆောက်လုပ်ပေးရန် |
| ၂ | သောက်သုံးရေ လုံလောက်စွာ ရရှိစေရန် | ၂ | ပညာရေး ဝန်ထမ်း အိမ်ရာ ရရှိရန် |
| ၃ | အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးရန် | ၃ | အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးရန် |
| ၄ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် | ၄ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် |
| ၅ | ဝန်ဆောင်မှုနှင့် ဆေးဝါးများ စုံလင်သော ကျေးလက်ဆေးပေးခန်း ရှိလာစေရန် | ၅ | စိုက်ပျိုးမြေများ လုံလောက်စွာ ရရှိရန် |
| | | ၆ | အသက်မွေးဝမ်းကြောင်း သင်တန်း ရရှိရန် |
| | | ၇ | စာသင်ကျောင်းများ ပြုပြင်တည်ဆောက်ပေးရန် |
| | | ၈ | ဝန်ဆောင်မှုနှင့် ဆေးဝါးများ စုံလင်သော ကျေးလက်ဆေးပေးခန်း ရှိလာစေရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရေအရင်းအမြစ်မှ ရေသွယ်တန်းခြင်း | အမျိုးသား + အမျိုးသမီး | | 138 |
| ၂ | ကျေးရွာလမ်းပြုပြင်ခြင်း | အမျိုးသမီး | | 138 |
| ၃ | ကျောင်းစာသင်ဆောင်တိုးချဲ့ခြင်း | အမျိုးသား+အမျိုးသမီး | | 138 |
| ၄ | ရွာတောင်းသို့ မြေသားလမ်းဖောက်ခြင်း | " | | 138 |
| ၅ | ကျေးရွာဆေးပေးခန်းတည်ဆောက်ခြင်း | " | | 138 |
| ၆ | ဘောလုံးကွင်းတည်ဆောက်ခြင်း | [illegible] အမျိုးသား | | 138 |
| | | | | |
| | | | | |
| | | | | |
| | | | | |


ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးမြေအတည်တကျရရှိစေရန် | အမျိုးသား + အမျိုးသမီး | စိုက်ပျိုးရေး |
| ၂ | သက်မွေးပညာသင်တန်းပံ့ပိုးပေးခြင်း | အမျိုးသမီး | အသက်မွေးဝမ်းကျောင်း |
| ၃ | ကျန်းမာရေးဝန်ထမ်း | " | ကျန်းမာရေး |
| ၄ | သာရေးနာရေးအတွက် အသုံးပြုရန် [illegible] | အမျိုးသား | |
| ၅ | ကျေးရွာအုပ်ချုပ်ရေးမှူးရုံးဆောက်လုပ်ခြင်း | " | အခြေခံအဆောက်အအုံ |
| ၆ | ငါးမွေးမြူရေးကန်ဖော်ဆောင်ခြင်း | " | မွေးမြူရေး |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦးအောင်ကို[illegible]--- လက်မှတ် ---[illegible]--- နေ့စွဲ ---၂၇-၁-၂၀၁၇---

၁၁။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)



ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

**လမ်းညွှန်ချက်။** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။


| | |
|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒေါ်ကေကေဦး | |
| နေ့စွဲ ၂၈.၁.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) ☑စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကယား / မြို့နယ် ဘောလခဲ | ကျေးရွာအုပ်စု ဝမ်လွဲ |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ၊ အမည်/အဖွဲ့ | စုစုပေါင်း |
| ဝမ်လွဲ | ရေပိုက်လိုင်းပြုပြင်တိုးချဲ့ခြင်း | 7100 | | ☑ ကျား □ မ □ ကျား+မ | 8,820,000 | | - | 8,820,000 |
| 〃 | ရွာတွင်းကျောက်ချောလမ်း | 980' | | □ ကျား ☑ မ □ ကျား+မ | 12,200,000 | | - | 12,200,000 |
| | | | | □ ကျား □ မ □ ကျား+မ | | | - | |
| | | | | □ ကျား □ မ □ ကျား+မ | | | - | |
| | | | | □ ကျား □ မ □ ကျား+မ | | | - | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦး.ထွန်းရှင် လက်မှတ် (လက်မှတ်) ရက်စွဲ ၂၈.၁.၂၀၁၇

ဒေါ်ငွေစိန် (လက်မှတ်)

## ၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)


ပထမအကြိမ် ကျေးရွာအစည်းအဝေး

ဝမ်လွဲ့ကျေးရွာ

ဝမ်လွဲ့ကျေးရွာအုပ်စု

နေရာ - ဝမ်လွဲ့ကျေးရွာအုပ်ချုပ်ရေးမှူးရုံး

ဦးဆောင်ဆွေးနွေးသူ - ဒေါ်ကေကေခိုင်

ရက်စွဲ - ၂၆.၁.၂၀၁၇

အချိန် - ညနေ (၅) နာရီ မှ ည (၁၁) နာရီထိ

တက်ရောက်သူ - ကျား (၁၇) ယောက်
မ (၁၄) ယောက်

ဆွေးနွေးသည့် အကြောင်းအရာ

၁။ ဝမ်လွဲ့ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းမှ အဖွင့်အမှာစကား ပြောကြားခြင်း
ယခုလို ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးအတွက် စီမံကိန်းများ ရှိလာသည်ကို
ဝမ်းသာကြောင်း၊ ကျေးရွာလူထုများလည်း မိမိတို့ရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး
အတွက် ပူးပေါင်းပါဝင်ပေးကြရန်၊ အစည်းအဝေးများ ခေါ်ယူတွေ့ဆုံလျှင် တက်
ရောက်ပေးကြရန် ပြောကြားသွားပါသည်။

၂။ လူထုဗဟိုပြုစီမံကိန်း ဝန်ထမ်းများမှ မိတ်ဆက်ခြင်း

၃။ လူထုစည်းရုံးရေးမှူး ဒေါ်ကေကေခိုင်မှ စီမံကိန်းအကြောင်း မိတ်ဆက်ခြင်း

- စီမံကိန်းစက်ဝန်း အကြောင်းမိတ်ဆက် ချပ်လုပ်ဆောင်ရမည့် လုပ်ငန်း
အဆင့်ဆင့်ကို ကျေးရွာလူထုအား ရှင်းလင်းတင်ပြခြင်း

- စီမံကိန်းတွင် ရွေးချယ်ခန့်အပ်မည့် ကော်မတီများ၏ တာဝန်နှင့်
ဝတ္တရားများကို ရှင်းလင်းခြင်း

- ပထမဦးစွာ ကော်မတီဝင်များထဲမှ ကျေးရွာစေတနာ့ဝန်ထမ်း (၂)ဦး
ကို မဲပေးစနစ်ဖြင့် ရွေးချယ်မည်ဖြစ်ကြောင်း၊ အမျိုးသား(၃)ဦး

အမျိုးသမီး (၃၁) ဦး အဆိုတင်သွင်း ခိုင်ကြောင်း နှင့် မဲပေးပုံ မဲပေး
နည်းစနစ် ကို ရှင်းလင်း တင်ပြပါသည်။

၄။ ဆက်လက်၍ စေတနာ့ဝန်ထမ်း (၂) ဦး အဖြစ် ရွေးချယ်ခံရ သူ များမှာ

အမျိုးသား - ဦးသိန်းခဲ

အမျိုးသမီး - ဒေါ်နှင်းပေါင်း

၅။ ကျေးရွာနေ သူ / သား များ နှင့် ပေါင်း၍ လူမှု ဆန်းစစ် မှု ပြုလုပ်ခြင်း

- လူမှုရေး အရင်းအမြစ် မြေပုံ ရေးဆွဲခြင်း နှင့် ဆန်းစစ်ခြင်း
- ဥစ္စာဓန ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း နှင့် ဆန်းစစ်ခြင်း
- ရာသီဥတု ပြက္ခဒိန် ရေးဆွဲခြင်း နှင့် ဆန်းစစ်ခြင်း
- ပိုင်ဆိုင်မှု သုံးသပ်ခြင်း နှင့် ဆန်းစစ်ခြင်း
- ပင့်ကူအိမ် သုံးသပ်ခြင်း နှင့် ဆန်းစစ်ခြင်း
- ဗင်းပုံ ဆွေးနွေး သုံးသပ်ခြင်း နှင့် ဆွေးနွေးခြင်း

၆။ အစည်းအဝေး ရုပ်သိမ်းခြင်း

မှတ်တမ်းတင်သူ

ဒေါ်ကေကေနိုင်

ဒုတိယအကြိမ် ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ - ဝမ်လွဲ့

ကျေးရွာအုပ်စု - ဝမ်လွဲ့

မြို့နယ် - ဘောလခဲ

နေရာ - ကျေးရွာခန်းမဆောင်

ရက်စွဲ - ၂၇. ၁.၂၀၁၇

အချိန် - နံနက် (၉) နာရီမှ ည (၆) နာရီထိ။

တက်ရောက်သူ

ကျား ( ၂၆ ) ယောက်

မ ( ၂၄ ) ယောက်

⇒ လူမှုဆိုင်ဆက်ခြင်း အပေါ် မြင်လည်တင်ပြခြင်း နှင့် ဆွေးနွေးခြင်း

⇒ ကျေးရွာ၏ အခက်အခဲ များ၊ မျှော်မှန်းချက်များ၊ ကျေးရွာဖွံ့ဖြိုးရေး အတွက် ဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေး ဖော်ထုတ်ခြင်း

⇒ ဦးစားပေးလုပ်ငန်းအစီအစဉ်များ ကိုမဲပေး စနစ်ဖြင့် ဖော်ထုတ်ရာတွင် ဦးစားပေး

① ရွာပေါင်းသို့ဖြတ်သွားလမ်း ဖောက်လုပ်ခြင်း
② စိုက်ပျိုးမြေရရှိရန်
③ ကျေးလက်ဆေးပေးခန်း
④ ရေပိုက်လိုင်း ပြုပြင်၊ တိုးချဲ့ခြင်း
⑤ ကျောင်းစာသင်ဆောင် တိုးချဲ့ခြင်း
⑥ အိမ်တွင်းမှုသင်တန်း၊ ဘောလုံးကွင်း
⑦ ကျန်းမာရေးဝန်ထမ်းရရှိရန်
⑧ ယာဉ် (သာရေး၊ နာရေး)
⑨ ဆရာ/မ အိမ် (ဝန်ထမ်းအိမ်ယာ)
⑩ ရွာတွင်း ကျောက်ချောလမ်း
⑪ အသက်မွေးပညာသင်တန်း
⑫ ရပ်ကွက်ရုံး
⑬ ငါးမွေးမြူရေးကန်
⑭ ဆွမ်းချက်ဆောင် ပဉ္စ ရွေးချယ်ကြသည်။

⇒ လူထုဗဟိုပြုစီမံကိန်းတွင် အကျုံးဝင်သောလုပ်ငန်း၊ အကျုံးမဝင်သော လုပ်ငန်းများ၊ ရံပုံငွေ ထောက်ပံ့မှုဆိုင်ရာ စံနှုန်းများ အကြောင်း အကာအကွယ်များ အကြောင်း တင်ပြဆွေးနွေးခြင်း

⇒ ကော်မတီများ ရွေးချယ်မှု တာဝန်ဝတ္တရားများ ရှင်းပြခြင်း

ကော်မတီဝင်များကို မဲပေးစနစ်ဖြင့် ရွေးချယ်သည်။ အောက်ပါသူများ ရွေးချယ်ခံရသည်။

ဝမ်လွဲ့ ကျေးရွာ ကော်မတီစာရင်း

| စဉ် | အမည် | ကော်မတီတာဝန် |
|---|---|---|
| ၁။ | ဦးထွားရယ် | ကျေးရွာစီတောက် ဥက္ကဌ |
| ၂။ | ဒေါ်ရွှေမီ | 〃 |
| ၃။ | ဦးသိန်းခဲ | စေတနာ့ဝန်ထမ်း |
| ၄။ | ဒေါ်ငွေစိန် | 〃 |
| ၅။ | ဒေါ်အေးပွင့် | ငွေစာရင်းကိုင် |
| ၆။ | ဦးဘအေး | ဝယ်ယူရေး |
| ၇။ | ဒေါ်ခင်သန်း | 〃 |
| ၈။ | ဦးမောင်ခေါ် | ဝေဖန်အကြံပြု |
| ၉။ | ဒေါ်ဝိုးမယ် | 〃 |
| ၁၀။ | ဦးထွန်းလင်း | စောင့်ကြည့်ကြီးကြပ် |
| ၁၁။ | ဒေါ်ရွှေမြဦး | 〃 |
| ၁၂။ | ဦးအိုက်ဖြူ | လည်ပတ်ထိန်းသိမ်းရေး |
| ၁၃။ | ဒေါ်မြအေး | 〃 |

⇒ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် (VDP) ပုံစံ တင်ပြဆွေးနွေးခြင်း

⇒ အုပ်စုအစည်းအဝေး နှင့် အုပ်စုကော်မတီ ဖွဲ့စည်းပုံ အကျဉ်းချုပ် တင်ပြဆွေးနွေးခြင်း

⇒ အစည်းအဝေး ရုပ်သိမ်းခြင်း

ဒေါ်တေတေနိုင် (CF)
မှတ်တမ်းတင်သူ

# ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ နှင့်လမ်း/တံတား | ၁ | ကျေးရွာလမ်း ပြုပြင်ခြင်း | အမျိုးသမီး | နိုဝင်ဘာ/၂၀၁၇ | ကျေးရွာလူထု | - |
| | ၂ | ကျောင်းစာသင်ဆောင်တိုးချဲ့ခြင်း | အမျိုးသား + အမျိုးသမီး | " | - | - |
| | ၃ | ရွာတောင်းသို့ ဖြတ်သွားလမ်း ဖောက်လုပ်ခြင်း | " | " | - | - |
| | ၄ | ဆေးပေးခန်းတည်ဆောက်ခြင်း | " | " | - | - |
| | ၅ | ဘောလုံးကွင်းတည်ဆောက် | အမျိုးသား | " | - | - |
| | ၆ | ခြင်း | | | | |
| သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိုက်ပျိုးရေး | ၁ | စိုက်ပျိုးမြေ ရရှိရန် | အမျိုးသား + အမျိုးသမီး | " | - | - |
| | ၂ | အသက်မွေးပညာသင်တန်း | အမျိုးသမီး | " | - | - |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| ကျန်းမာရေး နှင့်ပညာရေး | ၁ | ရေပိုက်လိုင်းသွယ်တန်းခြင်း | အမျိုးသား + အမျိုးသမီး | " | ကျေးရွာလူထု | - |
| | ၂ | ကျန်းမာရေးဝန်ထမ်း | အမျိုးသမီး | " | - | - |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| လူမှုရေး | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| အခြား | ၁ | သာရေး/နာရေး ယာဉ် | အမျိုးသား | " | - | - |
| | ၂ | ကျေးရွာအုပ်ချုပ်ရေးမှူးရုံး | " | " | - | - |
| | ၃ | ငါးမွေးမြူရေးကန် | " | " | - | - |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |